# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

July 29, 2019 Volume 21, Number 19


## ၂၉.၇.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၂၅ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၄၇၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၀၈/ကျပ် |
| CBM Rate | = ၁၅၀၉.၃/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၇၈.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၀၀.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၆၀.၂ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၈၉.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၄၂.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၈.၉၇ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၂၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၇.၃၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၅.၈၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၉၀၀ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## တရုတ်ထံ ဆန်တန်ချိန်တစ်သိန်းတင်ပို့ရန် သဘောတူစာချုပ် လက်မှတ်ရေးထိုး



မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ ယူနန် ပြည်နယ်အကြား ပထမအကြိမ် ကုန်စည်ဖလှယ်သောစနစ်ဖြင့် ဆန်တန်ချိန် တစ်သိန်းတင်ပို့ရန် ရွှေချိုင့်ကုမ္ပဏီနှင့် ဇူလိုင် ၂၅ ရက်က မန္တလေးမြို့၌ သဘောတူလက်မှတ်ရေးထိုးကြောင်း မန္တလေး ဆန်စပါး ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီမန်နေဂျင်း ဒါရိုက်တာ ဦးစိုင်းကျော်ကပြောသည်။ စာချုပ်ချုပ်တဲ့ဟာ အရင်မူဆယ်က ချုပ်တဲ့ပုံစံနဲ့တော့မတူဘူး။ အရောင်းအဝယ်ပုံစံ မဟုတ်ဘဲနဲ့ ကုန်ပစ္စည်းချင်းဖလှယ်တဲ့စနစ်နဲ့ လုပ်သွားမှာဖြစ်ပါတယ်။ အဲဒါက ကုန်သည်တွေအတွက် အခက်အခဲတော့ရှိမယ်။ ဒါပေမဲ့ အောက်က စက်ပိုင်နဲ့ တောင်သူတို့အဆင်ပြေစေဖို့အတွက် ကုန်သည် တွေက နည်းနည်းကြိုးစားပေးရ မယ့်ပုံစံနဲ့လုပ်သွားရမှာဖြစ်ပါတယ်ဟု ဦးစိုင်းကျော်က ပြောသည်။ ဆန်တန်ချိန် တစ်သိန်းတင်ပို့မှု သဘောတူညီချက်အရ မြန်မာနိုင်ငံဘက်မှ ဆန်လုံးရှည် အမျိုးအစားအမျိုးမျိုးကို တရုတ်နိုင်ငံဘက်သို့ တန်ချိန် တစ်သိန်းအထိ ဩဂုတ် ပထမပတ်တွင် စတင်တင်ပို့ခွင့်ရမည်ဖြစ်သည်။

ကုန်ပစ္စည်းဖလှယ်သော စနစ်အရ မန္တလေးဆန်စပါး ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီမှတစ်ဆင့် လယ်ယာသုံးစက်ပစ္စည်းများ၊ ဓာတ်မြေဩဇာနှင့် ဆောက်လုပ်ရေးသုံး သံမဏိပစ္စည်းများ ပြန်လည်တင်သွင်းခွင့်ရမည်ဖြစ်ကာ ပုံမှန်ရောင်းဈေးထက် ၅ ရာခိုင်နှုန်း သက်သာခွင့်ကိုပါရရှိမည်ဖြစ်သည်။ လက်ရှိဈေးကွက်ထဲမှာ ရှိနေတဲ့ ဆန်တွေကိုတင်ပို့ချင်တယ်ဆိုရင် ကျွန်တော်တို့ကုမ္ပဏီနဲ့ဆက်သွယ်ပြီး တင်ပို့ခွင့်ရရှိမှာဖြစ်ပါတယ်ဟု ဦးစိုင်းကျော်ကပြောသည်။ ရွှေချိုင့်ကုမ္ပဏီအနေဖြင့် ယခုနှစ် မေလက မူဆယ်ရှိ ဆန်တန်ချိန်တစ်သောင်းဝယ်ယူရန် ရှမ်းပြည်နယ်မြောက်ပိုင်း ဆန်စပါးဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီဖြင့် စာချုပ်ချုပ်ဆိုပြီး ယခု ဇူလိုင် ၂၅ ရက်တွင် ကုန်စည်ဖလှယ်သောစနစ်ဖြင့် တန်ချိန်တစ်သိန်းဝယ်ယူရန် မန္တလေးဆန်စပါးဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီဖြင့် ထပ်မံစာချုပ်ချုပ်ဆိုခြင်းဖြစ်သည်။

လက်ရှိတွင် မူဆယ်နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ ဆန်အိတ်ငါးထောင်မှ တစ်သောင်းခန့်အထိတင်ပို့နေပြီး စက်မှုကုန်ကြမ်းပါမစ်ဖြင့်သာ တင်ပို့နေခြင်းဖြစ်ကြောင်း ဦးစိုင်းကျော်ကပြောကြားသည်။

**Source:** http://www.7daydaily.com/story/162163

## အစိုးရဌာနများအနေဖြင့် နယ်စပ် SEZs များ၌ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာရေးအတွက် ဆွဲဆောင်ရန်ပြောကြား

နယ်စပ်အထူးစီးပွားရေးဇုန်များ၌ ပမာဏကြီးမားသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ဝင်ရောက်ရန်တုံ့ဆိုင်းနေချိန်တွင် ဒုတိယဝန်ကြီးချုပ်ဆုန်ကစ်မှ အစိုးရဌာနများအား အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း Small and Medium-sized enterprises SMEs များ၌ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက် လာရေးအတွက် အစီအမံများပိုမိုချမှတ်ရန်နှင့် အခွင့်အရေးပေး ဆွဲဆောင်မှုများ ပိုမိုဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့ကြောင်းသိရှိရပါသည်။ မစ္စတာဆုန်ကစ်က ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေး အဖွဲ့ Board Of Investment(BOI) ၊ စက်မှုဝန်ကြီး ဌာန၊ စီးပွားရေးလူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ National Economic and Social Development Council(NESDC) တို့အနေဖြင့် နယ်စပ်အထူးစီးပွားရေးဇုန်များ၌ ပမာဏကြီးမားသော ရင်းနှီးမြှုပ်နှံမှုများ စိတ်ဝင်စားလာမှု နည်းပါးခဲ့ရပြီးနောက် SMEs များတွင် ရင်းနှီးမြှုပ်နှံလာအောင်မည်သို့ဆွဲဆောင်မည်ကို လေ့လာတင်ပြရန် ပြောကြားခဲ့ကြောင်းသိရှိရပါသည်။ စစ်အစိုးရအနေဖြင့် ၂၀၁၅ ခုနှစ်တွင် Tak, Sa Kaeo, Mukdahan, Trat, Songkhla, Nong Khal, Nakhon Phanom, Kanchanaburi, Narathiwat နှင့် Chiang Rai စသည့် SEZs (၁၀)ခုကိုထုတ်ပြန်ကြေငြာ ခဲ့ကြောင်း၊ အစိုးရအနေဖြင့် ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ စုစုပေါင်းဘတ်ဂျက်ငွေဘတ် (၅၃.၁) ဘီလီယံကို ထောက်ပံ့ ပို့ဆောင်ရေး၊ အကောက်ခွန်ရုံးများနှင့် စက်မှုမြေကွက်များစသည့် စီမံကိန်းများအတွက် ဘဏ္ဍာရေးထောက်ပံ့မှုအဖြစ် ခွဲဝေသတ်မှတ်ပေးခဲ့ကြောင်း သိရှိရပါသည်။ BOI အနေဖြင့် ကုမ္ပဏီဝင်ငွေခွန်အား (၈)နှစ်အထိ ကင်းလွတ်ခွင့်နှင့် ကင်းလွတ်ခွင့်ကာလကုန်ဆုံးပြီး နောက်ထပ်မံ၍ နောက်ထပ် (၅)နှစ်အတွက် ပေးဆောင်ရမည့်အခွန်၏ (၅၀%)အား လျော့ချပေးခြင်းဖြင့် မက်လုံးပေးဆောင်ရွက်ခဲ့ကြောင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် BOI မှပေးသော အခွင့်အရေးများနှင့် သက်ဆိုင်မှုမရှိစေဘဲ ရင်းနှီးမြှုပ်နှံမှုဦးစားပေးအစီအစဉ်များအတွက် ဝင်ငွေခွန်အား(၁၀)နှစ်အထိ (၁၀%)လျော့ချပေးသည့် အစီအစဉ်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါသည်။

၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင် BOI အနေဖြင့် SEZs (၁၀)ခုတွင် ဦးစားပေး ကဏ္ဍများအတွက် မူလပေးထားသည့် အခွင့်အရေးများအား မူလသတ်မှတ်ထားသည့် ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလအထိ သက်တမ်းထပ်မံ တိုးပေးခဲ့ကြောင်း သိရှိရပါသည်။ ပြည်နယ်(၁၀)ခုတွင် အလုပ်သမားဆိုင်ရာကိစ္စများအတွက် One-Stop-Service များကို တည်ထောင်ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ SEZs (၁၀)ခု၌ အလုပ်သမား (၂၇၇,၃၆၃) ဦးရှိကြောင်း၊ ယခုနှစ်ဇူလိုင်လ (၁၂)ရက်နေ့အထိ SEZs (၁၀)ခုတွင် စီမံကိန်းပေါင်း(၆၆)ခုရှိကြောင်း၊ တန်ဖိုးအားဖြင့် ဘတ်ငွေ(၁၀.၈)ဘီလီယံရှိကြောင်း NESDC ၏ အစီရင်ခံစာအရသိရှိရပါသည်။ TAK ခရိုင်ရှိ SEZs မှာထိပ်ဆုံးတွင်ရှိကြောင်း၊ စီမံကိန်းပေါင်း(၃၀)၊ တန်ဖိုးအားဖြင့် ဘတ်ငွေ(၃.၈၇)ဘီလီယံရှိကြောင်း၊ ဒုတိယမှာ Song Khla ဖြစ်ကြောင်း၊ စီမံကိန်း(၉)ခု၊ တန်ဖိုးအားဖြင့် ဘတ်ငွေ (၂.၄၆)ဘီလီယံရှိကြောင်းသိရှိရပါသည်။ Sakaeo တွင် စီမံကိန်း(၆)ခု၊ တန်ဖိုးအားဖြင့်ဘတ်ငွေ(၁.၈၈)ဘီလီယံ ရှိကြောင်း၊ Kanchanaburi တွင် စီမံကိန်း(၄)ခု၊ တန်ဖိုးအားဖြင့်ဘတ်ငွေ(၇၅၅.၉၈)သန်းရှိကြောင်း၊ ကုမ္ပဏီအသစ် (၃၄၀၇)ခု ရှိပြီး ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလမှ ယခုနှစ်ဇူလိုင်လ(၁၂)ရက်နေ့အထိ SEZs (၁၀)ခုတွင် ရင်းနှီးမြှုပ်နှံမှုဘတ်ငွေ(၆.၇)ဘီလီယံ ရှိကြောင်း NESDC ၏ အစီရင်ခံစာတွင် ဖော်ပြထားပါသည်။ ယမန်နှစ် စက်တင်ဘာလတွင် ဝန်ကြီးချုပ်ပရာယွတ်ချန်အိုချာမှ NESDC နှင့် BOI တို့အတူပူးပေါင်း၍ SEZs (၁၀)ခုသို့ ရင်းနှီးမြှုပ်နှံသူများ ပိုမိုဝင်ရောက်နိုင်ရေး ရင်းနှီးမြှုပ်နှံမှုရည်မှန်းချက် (Target) ကိုပူးပေါင်းမြှင့်တင်ဆောင်ရွက်ရန် လုပ်ကိုင်ခွင့်ပြုပေးခဲ့ကြောင်း၊ အဖွဲ့အစည်းနှစ်ခုအနေဖြင့် အဆိုပါ SEZs များတွင် ရင်းနှီးမြှုပ်နှံမှုပိုမို မြှင့်တင်နိုင်စေရန်ဖြစ်မြောက်နိုင်စွမ်းကို အပြီးသတ်လေ့လာတင်ပြရန်လည်း ပြောကြားခဲ့ကြောင်းသိရှိရ ပါသည်။

**Source: စီးပွားရေးသံမှူး-ဘန်ကောက် (ထိုင်း)**

## လယ်ယာကဏ္ဍဝင်ငွေနှင့် ကုန်သွယ်ရေးသဘောတူညီချက်များက ဦးစားပေးကဏ္ဍများဖြစ်ခြင်း

လယ်သမားများ၏ ဝင်ငွေအာမခံချက်ရှိစေရန်၊ ပို့ကုန်အားပေးမြှင့်တင်ရန်၊ လူနေမှု စရိတ်ဆိုင်ရာ အကြံပြုချက်များ၊ ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရှေ့သို့ တိုးမြှင့်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း အသစ်ခန့်အပ်လိုက်သော ထိုင်းဒုတိယ ဝန်ကြီးချုပ်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး Jurin Laksalawisit က ၎င်း၏ ထိပ်တန်းဦးစားပေးအစီအမံများကို ပြောကြားခဲ့ကြောင်းသိရှိရပါသည်။ ၎င်း၏ဝန်ကြီးဌာနသို့ စတင်ရောက်ရှိ တာဝန် ထမ်းဆောင်သည့် ပထမဆုံးနေ့တွင် ၎င်းကလယ်သမားများ၏ ဝင်ငွေအာမခံချက်ပေးခြင်းဖြင့် ဆန်စပါးသာမက အခြား ရော်ဘာ၊ ပီလောပီနံ၊ ဆီအုန်း၊ ပြောင်းစသည့် အဓိကသီးနှံများ၏ ဈေးနှုန်းအာမခံချက်ကို ဖော်ဆောင်မည်ဖြစ်ကြောင်း၊ ဝင်ငွေနှင့် သီးနှံဈေးနှုန်း အာမခံချက်တို့မှာ ဒီမိုကရက်ပါတီ၏ ရွေးကောက်ပွဲဆိုင်ရာ အဆိုပြုချက်များထဲက အဓိက

အချက်များဖြစ်ကြောင်း၊ ဝင်ငွေနှင့် သီးနှံဈေးနှုန်း အာမခံတို့မှာ ၂၀၁၁-၂၀၁၃ ညွှန့်ပေါင်းအစိုးရခေတ်တည်းကပါတီ၏ ရွေးကောက်ပွဲဆိုင်ရာ အဆိုပြုချက်များဖြစ်ကြောင်း၊ ဝင်ငွေအာမခံအစီအမံတွင် လယ်သမား များအနေဖြင့် ဆန်စပါး ာမခံဈေးနှုန်းနှင့်(၂)ပတ်တစ်ကြိမ် ဈေးကွက်အတွင်းဖြစ်ပေါ်နေသော ဈေးနှုန်းအရ စံသတ်မှတ်ဈေးနှုန်း နှစ်ခုအကြား ကွာခြားချက်အပေါ်တွင် ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။ အဆိုပါအစီအစဉ်မှာ ယဉ်လတ်ရှင်နာဝပ်တရာအစိုးရ ခေတ် လက်ထက်က ကဲ့သို့ဆန်တန်ချိန်သန်းပေါင်းများစွာစုပြုံနေမှုနှင့် နောက်ပိုင်းဆုံးရှုံးမှု တို့အပေါ်ရှောင်ရှားရန်ဖြစ်ကြောင်း သိရှိရပါသည်။ ထို့အပြင် ယခုနှစ်၌သဘော်ာတင်ပို့မှုများ အကြီးအကျယ်ကျဆင်းခဲ့ရပြီးနောက် အဓိကအာရုံစိုက်ရမည့် ကိစ္စရပ်မှာ ပို့ကုန်ကဏ္ဍဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ထိုင်းနိုင်ငံ၏ပို့ကုန်အားလုံးမှာအခွင့်အလမ်းများရှိနေသည်ဟု ယုံကြည်ဆဲဖြစကြောင်း၊ ပို့ကုန်တိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍမှာ အဓိကဖြစ်သည်ဟု မိမိတို့ယုံကြည်ကြောင်း၊ အလားတူပြည်တွင်းကုန်စည်နှင့်ဈေးနှုန်းများထိန်းသိမ်းရန်နှင့် လူနေမှုကိစ္စရပ်များအတွက်လည်း ကူညီထိန်းသိမ်းဆောင်ရွက် ပေးရန်ဖြစ်ကြောင်းၚင်းက ပြောကြားခဲ့ပါသည်။ ဆက်လက်၍ ဒေသတွင်းလွတ်လပ်သော ကုန်သွယ်ရေးဆိုင်ရာသဘော တူညီချက် (RCEP) ဆိုင်ရာ ဆွေးနွေးမှုများကိုလည်းဆက်လက်ဆောင်ရွက်သွားရန် တိုက်တွန်းခဲ့ကြောင်း၊ (RCEP) ကို ၂၀၁၂ ခုနှစ်တွင် အာဆီယံ(၁၀)နိုင်ငံနှင့် ဆွေးနွေးဖက် (၆)နိုင်ငံ ( တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ သြစတြေးလျ၊ အိန္ဒိယ၊ နယူးဇီလန်)တို့အကြား နက်ရှိုင်းစွာ စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်ရန် စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆွေးနွေးဖက် (၆)နိုင်ငံမှာ (၆၀%)ခန့်သာ တိုးတက်အောင်ဆောင်ရွက်နိုင်ကြောင်း၊ (RCEP)အခန်း (၂၀)အနက် (၇)ခန်းသာ ဆွေးနွေးမှုပြီးစီး သေးကြောင်း၊ ယခုနှစ်တွင် အဆုံးသတ်ပြီးစီးရန် ဖြစ်ကြောင်း၊ သဘောတူညီချက်မှာ ၂၀၂၀ ခုနှစ် နောက်ပိုင်းတွင် အသက်ဝင်လာမှာဖြစ်ကြောင်း၊ ထိုင်း-အီးယူကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်အတွက် ဆွေးနွေးပြောဆိုမှု များကိုလည်း အစိုးရသစ်အနေဖြင့် ၚင်း၏မူဝါဒများကို ပါလီမန်တွင်တင်ပြပြီးသည်နှင့် အမြန်ဆုံးပြန်လည်စတင်ရန်ဖြစ်ကြောင်း ၚင်းက ပြောကြားခဲ့ပါသည်။

ထိုင်းဖွံ့ဖြိုးတိုးတက်မှုလေ့လာဆန်းစစ်ရေးတက္ကသိုလ်မှ Nipon Puapongsakorn က အစိုးရအနေဖြင့် ဆန်စက် ပိုင်ရှင်များ၏ နည်းပါးသောဈေးဖြင့် စပါးဝယ်ယူမှုများနှင့် ဘန်ကောက်အနီးရေိယာများနှင့် အခြားဝေးလံပြည်နယ် များအကြား မညီမျှသော အာမခံဈေးနှုန်းဆိုင်ရာကိစ္စရပ်များ အပါအဝင် လယ်သမားများအတွက် ဝင်ငွေအာမခံချက်ကိစ္စကို ပြန်လည်လုပ်ဆောင်မည်ဆိုပါက အစိုးရအနေဖြင့် အဓိကအချက်များကို ထုတ်ပြန်ရမည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

**Source: Bangkok Post**

**စီးပွားရေးသံမှူး-ဘန်ကောက် (ထိုင်း)**

## ပြည်တွင်းစက်သုံးဆီဈေး ငါးလခန့်အတွင်း အနိမ့်ဆုံးနှုန်းထားရောက်ရှိ

ပြည်တွင်းစက်သုံးဆီ ဈေးဆက်တိုက်ကျဆင်းပြီး မတ်လမှ ဇူလိုင်နောက်ဆုံးပတ်အထိ ငါးလခန့်အတွင်း အနိမ့်ဆုံးနှုန်း ထားသို့ ရောက်ရှိခဲ့သည်။ ပြည်တွင်းစက်သုံးဆီဈေးနှုန်း မတ်လဆန်းကစတင်၍ ဆက်တိုက်မြင့်တက်ပြီး မေလ နောက်ဆုံးပတ်တွင် စံချိန်တင်အမြင့်ဆုံးနှုန်းထားသို့ ရောက်ရှိပြီးနောက် ပြန်လည်ကျဆင်းခဲ့သည်။ ရန်ကုန်အခြေစိုက် စက်သုံးဆီအရောင်းဆိုင်အများစုသည် မေလနောက်ဆုံးပတ်က အောက်တိန်း-92 တစ်လီတာ ၉၁၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာ ၉၈၅ ကျပ်၊ ဒီဇယ်တစ်လီတာ ၁၀၁၅ ကျပ်နှင့် ပရီမီယံဒီဇယ်တစ်လီတာလျှင် ကျပ် ၁၀၂၀ နှုန်းအထိ အမြင့်ဆုံးဈေးဖြင့် ရောင်းချခဲ့သည်။ ဇူလိုင် ၂၇ ရက်တွင် အောက်တိန်း-92 တစ်လီတာ ကျပ် ၇၉၀၊ အောက်တိန်း-95 တစ်လီတာ ကျပ် ၈၈၀၊ ဒီဇင်တစ်လီတာ ကျပ် ၉၀၀ နှင့် ပရီမီယံဒီဇယ်တစ်လီတာ ကျပ် ၉၁၀ နှုန်း ပေါက်ဈေးရှိသည်။ ထို့ကြောင့် မေလ၏ အမြင့်ဆုံးနှုန်းထက် စက်သုံးဆီအမျိုးအစား တစ်ခုချင်းအလိုက် တစ်လီတာလျှင် ကျပ် ၁၁၀ (တစ်ဂါလန် ကျပ် ၅၀၀)ထက်မနည်း ကျဆင်းခဲ့သည်။ ယမန်နေ့ စက်သုံးဆီရောင်းဈေးသည် ငါးလအတွင်း အနိမ့်ဆုံး နှုန်းထားသို့ရောက်သော်လည်း ဇန်နဝါရီတွင် ဖြစ်ပေါ်ခဲ့သည့် နှုန်းထက်မြင့်မားနေသေးသည်။

ကမ္ဘာ့ရေနံဈေးကွက်ကလည်း အကျဘက်ဦးတည်နေတော့ ပြည်တွင်းဈေးက အလိုက်သင့် ပြောင်းလဲနေတယ်။ အနိမ့်ဆုံးဈေးရောက်ဖို့တော့ လိုပါသေးတယ်ဟု စက်သုံးဆီရောင်းဝယ်ရေး ဈေးကွက်ကျွမ်းကျင်သူ ဦးတင်ဦးကပြောသည်။ ဇန်နဝါရီတွင် အောက်တိန်း -92 တစ်လီတာ ၆၉၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာ ကျပ် ၇၉၀ ကျပ်၊ ဒီဇယ်တစ်လီ တာ ၈၈၅ ကျပ်နှင့် ပရီမီယံဒီဇယ် တစ်လီတာ ၈၉၅ ကျပ်ရှိကာ စက်သုံးဆီရောင်းဝယ်ရေး ဈေး ကွက်သမိုင်းတစ်လျှောက် အနိမ့် ဆုံးအဖြစ် ရပ်တည်ခဲ့သည်။

**Source:** http://www.7daydaily.com/story/162215

## လက်ရှိဘဏ္ဍာနှစ် ကိုးလခွဲခန့်တွင် သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှုမှ ဒေါ်လာ ၁ ဒသမ ၂၃ ဘီလျံကျော်ရရှိ

လက်ရှိဘဏ္ဍာနှစ် ကိုးလခွဲခန့်တွင် သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှုမှ ဒေါ်လာ ၁ ဒသမ ၂၃ ဘီလျံကျော် ရရှိထားပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၃၀၀ ခန့် လျော့ကျခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ စာရင်းများအရသိရသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဇူလိုင် ၁၂ ရက်အထိ ကိုးလခွဲခန့်တွင် ပြည်ပသို့ သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှုမှ ဒေါ်လာ ၁ ဒသမ ၂၃၂ ဘီလျံသာရရှိထားသည်။ ယခင်နှစ်ကာလတူတွင်မူ ဒေါ်လာ ၁ ဒသမ ၅၂၉ ဘီလျံကျော် တင်ပို့ထားနိုင်ခဲ့ခြင်းကြောင့် လက်ရှိဘဏ္ဍာနှစ် ကိုးလခွဲခန့်တွင် ယခင်နှစ်ကာလတူထက် ဒေါ်လာ ၂၉၇ ဒသမ ၃၆၄သန်းအထိ လျော့ကျခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် မြန်မာနိုင်ငံမှ ပြည်ပသို့ အဓိကတင်ပို့နေသည့် ပို့ကုန်များမှာ လယ်ယာထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ စက်မှုကုန်ချော CMP နှင့် အခြားပစ္စည်းများ စသည်တို့ကို တင်ပို့နေခြင်းဖြစ်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်ခဲ့သည့် မြန်မာ့သတ္တုတွင်း နည်းဥပဒေအရ ပြည်ထောင်စုက ခဲတ်သတ္တုအကြီးစားနှင့် အလတ်စားခွင့်ပြုမိန့် ချထားပေးခဲ့ကြောင်းသိရသည်။ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက ခဲတ်သတ္တုအသေးစားနှင့် အလတ်စားခွင့်ပြုမိန့်များကို စိစစ်ခွင့်ပြုပေးခဲ့ကြောင်းသိရသည်။ ထို့ကြောင့် ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂၆ ရက်ကစတင်ပြီး လုပ်ကွက်အသစ် လျှောက်ထားသူများကို ပြည်ထောင်စုနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပြန်လည်လက်ခံ စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**Source:** https://news-eleven.com/article/125015

## မြန်မာ-တရုတ်နယ်စပ်တွင် ကုန်သွယ်ရေးဂိတ်နှစ်ခု ထပ်မံဖွင့်လှစ်မည်




မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးတွင် အဓိကကျသော မူဆယ်၊ ရွှေလီနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း၌ အပြန်အလှန်ကုန်သွယ်ရေးဂိတ်နှစ်ခု ထပ်မံဖွင့်လှစ်မည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောသည်။ ဖရဲ၊ သခွားမွှေးအပါအဝင်သစ်သီးများ အဓိက တင်ပို့နေသည့် ကျင်စန်းကျော့ ကုန်သွယ်ရေးဂိတ်နှင့် မင်္ဂလာမူဆယ်အနီးရှိ ဟိုဆောင်ဂိတ်တို့ကို တရားဝင် အသစ်ထပ်မံဖွင့်လှစ်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ မူဆယ်၊ ရွှေလီနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင် နယ်စပ်ကုန်သွယ်ရေးဂိတ် အသစ်ဖွင့်လှစ်ရေး နိုင်ငံခြားရေးဝန်ကြီးဌာနထံမှ သဘောတူညီမှုရရှိထားပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဦးဆောင်အကောင်အထည်ဖော်နေသည်။ နယ်စပ်ဂိတ်တွေ အသစ်ဖွင့်တာက နှစ်နိုင်ငံကုန်သွယ်ရေးအတွက်ပါဟု ဦးခင်မောင်လွင်ကပြောသည်။

လက်ရှိ ကျင်စန်းကျော့ဂိတ်က ဖရဲ၊ သခွားမွှေး အပါအဝင် သစ်သီးကားများ နှစ်နိုင်ငံနယ်စပ် အစိုးရများ၏ နားလည်မှုဖြင့် ဖြတ်သန်းခွင့်ပြုသော်လည်း တရားဝင်ဖွင့်လှစ်ထားခြင်းမရှိပေ။ ၂၀၁၈ နှစ်ကုန်က ကျန်စန်း ကျော့ဂိတ်ကို နှစ်ပတ်ကြာပိတ်ခဲ့ခြင်းကြောင့် စစ်ကိုင်း၊ မန္တလေးတိုင်း အပါအဝင် မြန်မာနိုင်ငံဒေသအနှံ့မှ သစ်သီးစိုက်တောင်သူများနှင့် ကုန်သည်များ အခက်အခဲကြုံတွေ့ခဲ့ရသည်။ ထို့နောက် ကျင်စန်းကျော့ ဂိတ်ကို ဖရဲ၊ သခွားမွှေး တစ်ရာသီသာ ယာယီဖွင့်လှစ်ပြီး တရားဝင်ဖွင့်လှစ်နိုင်ရန် အစိုးရကဆက်လက်ဆောင်ရွက်မည်ဟု ယခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် ဒုတိယသမ္မတ (၁) ဦးမြင့်ဆွေက စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံရာ၌ပြောကြားသည်။

မြန်မာနိုင်ငံမှ ပို့ကုန်စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းခန့် တင်ပို့နေသော ရှမ်းပြည်မြောက်ပိုင်း မူဆယ်၊ ရွှေလီနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင် နှစ်နိုင်ငံအပြန်အလှန် ကုန်သွယ်ရေးဂိတ်လေးခုဖြင့် ဆောင်ရွက်နေသည်။ ယခု ၂၀၁၈-၁၉ ဘဏ္ဍာနှစ် ကိုးလခွဲကျော်အတွင်း မြန်မာနိုင်ငံ၏ နိုင်ငံခြားပို့ကုန် ဒေါ်လာ ၁၃ ဘီလီယံကျော်အတွင်း မြန်မာ-တရုတ်နယ်စပ် မူဆယ်၊ ရွှေလီနယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းမှ ပို့ကုန်တန်ဖိုး ၂ ဒသမ ၅ ဘီလီယံကျော်ရှိနေသည်။ သို့သော်နှစ်နိုင်ငံ နယ်စပ်ဝင်၊ ထွက်ပေါက်ဂိတ်များတွင် မကြာခဏ ယာဉ်ပိတ်ဆို့မှုကြုံတွေ့ရခြင်းကြောင့် လက်ရှိဂိတ်နှစ်ခု အသစ်ဖွင့်လှစ်ပါက ကုန်စည်ကူးသန်းမှု ပိုမိုအဆင်ပြေနိုင်ကြောင်း မူဆယ်ဆန်ကုန်စည်ဒိုင်အသင်းဝင် ဦးမင်းသိန်းကပြောသည်။

Source: http://www.7daydaily.com/story/162279

## မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်မှု တိုးမြှင့်နိုင်ရေးဆောင်ရွက်

ယခုဘဏ္ဍာနှစ် လက်ရှိကာလတွင် မြန်မာ-အိန္ဒိယကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၈၀၀ ဒသမ ၄၂၁ သန်းခန့် ရရှိထားပြီး နယ်စပ်ကုန်သွယ်မှု တိုးမြှင့်နိုင်ရေးအတွက်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ လက်ရှိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလျက်ရှိသည့် နိုင်ငံပေါင်း ၄၉ နိုင်ငံအနက် အိန္ဒိယကအဆင့် ၁၁ ဌ ရပ်တည်နေပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာအထိ စီမံကိန်းပေါင်း ၃၀ခန့်ရှိနေသလို အိန္ဒိယကုမ္ပဏီပေါင်း ၂၂၅ ခုခန့် ထိရှိကြောင်းသိရသည်။ နှစ်နိုင်ငံ ကုန်သွယ်ရေးပူးတွဲကော်မတီအစည်းအဝေးကနေ ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်တွေ ဆွေးနွေးပြီးတော့ချမှတ်ဖော်ဆောင်နေ သလို နယ်စပ်ကုန်သွယ်မှုချောမွေ့စေဖို့ လမ်းတံတားတွေ ပြုပြင်တည်ဆောက်တာတွေ ဆောင်ရွက်နေပါတယ်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောဆိုခဲ့တာပါ။

ထို့ပြင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား နယ်စပ်ဈေးများ စီမံခန့်ခွဲမှုနည်းလမ်းများ ချမှတ်ခြင်း၊ နှစ်နိုင်ငံရင်း နှီးမြှုပ်နှံမှု တိုးမြှင့်နိုင်ရေးအတွက် အိန္ဒိယနိုင်ငံတွင် Myanmar Inve- stment RoadShow ပြပွဲနှင့် နှစ်နိုင်ငံ ကုန်စည်ပြပွဲများ အပြန်အလှန်ကျင်းပနိုင်ရေး၊ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အထည်အလိပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးကဏ္ဍ၊ နှစ်နိုင်ငံကျွမ်းကျင်ပညာရှင်များ အပြန်အလှန် အသိအမှတ်ပြုရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍနှင့်နယ်စပ် ဖြတ်ကျော် တိရစ္ဆာန်ရောဂါတားဆီးနှိမ်နင်းရေးနှင့် မွေးမြူရေးလုပ်ငန်းကဏ္ဍများတွင်ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း ဝန်ကြီးကပြောသည်။ ဆက်လက်၍ အိန္ဒိယနိုင်ငံဘက်မှ အခွန်လျှော့ချရေးအပါအဝင် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများ ပိုမိုတင်ပို့နိုင်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေး၊ အိန္ဒိယနိုင်ငံမှနည်းပညာ အထောက်အပံ့ပေးရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးစသည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်လျက်ရှိသည်ဟုဆိုသည်။

အိန္ဒိယသို့လက်ရှိတွင် မြန်မာနိုင်ငံမှ ပဲမျိုးစုံ၊ သစ်ပါးလွှာ၊ အထပ်သား၊ သစ်ခွဲသား၊ ရေချို၊ ရေငန် ငါးများ တင်ပို့နေ သကဲ့သို့ သွင်းကုန်အနေဖြင့် ဆေးဝါးများ၊ သယ်ယူပို့ဆောင်ရေးပစ္စည်းများ၊ သံမဏိပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်း တို့ကိုတင်သွင်းနေကြောင်း ကုန်သွယ်မှုစာရင်းများအရသိရသည်။ မြန်မာ-အိန္ဒိယကုန်သွယ်ရေး ပူးတွဲကော်မတီအစည်း အဝေးကို ထပ်မံကျင်းပနိုင်ရေးအတွက် နှစ်ဖက်သဘောတူညီမှုရရှိထားသလို နှစ်နိုင်ငံတာဝန်ရှိသူများ ညှိနှိုင်း ဆွေးနွေးထားသည့် နယ်စပ်ဈေးများ စောလျင်စွာ ဖွင့်လှစ်သွားနိုင်ရေးကိုလည်း ဆောင်ရွက်နေကြောင်းသိရသည်။

Source: https://www.facebook.com/SFJWeekly/posts/2184284828325464?__tn__=K-R

## သာစည်၌ ငရုတ်သီး(ကျောက်စိမ်းသီး) ဈေးကောင်းရ



မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် ငရုတ်သီး (ကျောက်စိမ်းသီး)မှာ ယမန်နှစ်ကထက်ပို၍ ဈေးကောင်းရနေကြောင်း တမာကုန်းကျေးရွာရှိ ငရုတ် စိုက်ပျိုးသူတောင်သူတစ်ဦးထံမှသိရသည်။ ကြက်သွန်(မြိတ်စား)နုတ်ပြီးချိန်မှာ ထယ်ရေးပြင်ပြီးတော့ ငရုတ်ကျောက်စိမ်းသီးကို ရေသွင်းစိုက်ပျိုးပါတယ်။ အပင်ကို ဖျက်ပိုးတွေမကျအောင်ဂရုစိုက်ပြီး လိုအပ်တဲ့ဆေးတွေ ပက်ဖျန်းပေးပါတယ်။ စတင် စိုက်ပျိုးချိန်ကနေ သုံးလနီးပါးခန့်ကြာရင် အသီးစတင်သီးပါတယ်။ အသီးစသီးပြီ ဆိုတာနဲ့ တစ်လတစ်ကြိမ်ခန့် တစ်ရာသီ ငရုတ်ခြောက်ကြိမ်လောက်ခူးရပါတယ်။ အခုဆိုနှစ်ကြိမ်ခူးပြီးပါပြီ။ ကိုယ်တိုင်ခူးပြီးရောင်းတယ်။ ပွဲစားတွေက ရွာအထိ လာဝယ်ကြတယ်။ မနှစ်က ငရုတ် ကျောက်စိမ်းသီး တစ်ပိဿာ ကျပ် ၇၀၀၊ ၈၀၀ ခန့် ဈေးရတယ်။ အခုနှစ်မှာတော့ ကျပ် ၁၂၀၀၊ ၁၃၀၀ အထိ ဈေးရတယ်။ ငရုတ်စိုက်ပျိုးသူတချို့ကျတော့လည်း အခြောက်လှန်းပြီးမှ ပြန်ရောင်းကြတာတွေရှိတယ်။ ရာသီပြီးလို့ ငရုတ်ပင်တွေခုတ်ပြီးရင် ငရုတ်ကိုင်းတွေကို နွားတွေ အတွက် ပိုးမွှားတွေမလာအောင်မီးရှို့ပြီး မှိုင်းခံတဲ့နေရာမှာ အသုံးပြုပါတယ်ဟု တမာကုန်းကျေး ရွာရှိ ငရုတ်စိုက်ပျိုးသူ ဦးစိန်ထွန်းကရှင်းပြသည်။ တမာကုန်းကျေးရွာအုပ်စု တမာကုန်း ကျေးရွာဝန်းကျင်တွင် ငရုတ်သီး (ကျောက်စိမ်းသီး) စိုက်ပျိုးမှုမှာ စုစုပေါင်း ဧက ၃၀၀ ခန့်ရှိကြောင်း၊ ငရုတ်သီးများ အောင်မြင်ဖြစ်ထွန်းကြောင်းသိရသည်။

Source: https://myanmar.mmtimes.com/news/126186.html

## ဂန့်ဂေါ၌ ဈေးကွက်ဝင်သီးနှံအဖြစ် လျှော်ဖြူနှင့်နဂါးမောက်ပင်စိုက်ပျိုး



မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်အတွင်း ရေမြေရာသီဥတုနှင့်ကိုက်ညီပြီး စီးပွားရေးတွက်ခြေကိုက် ဈေးကွက်ဝင်သည့် အမည်သစ်သီးနှံများကို ဂန့်ဂေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသတွင်းစိုက်ပျိုးရေးသမားတို့ ပူးပေါင်းဆောင်ရွက် စိုက်ပျိုးလျက်ရှိကြောင်းသိရသည်။ အဓိကကတော့ ဂန့်ဂေါခရိုင်အတွင်းမှာရှိတဲ့ တောင်သူလယ်သမားတွေအနေနဲ့ သမားရိုးကျစိုက်ပျိုးနေတဲ့ သီးနှံတွေအပြင် ဒေသတွင်းနဲ့ ပြည်တွင်းဈေးကွက် နိုင်ငံရပ်ခြားအထိ တင်ပို့ရောင်းချနိုင်မယ့် အသီးအနှံတွေကို စိုက်ပျိုးထုတ်လုပ်နိုင်ဖို့ရည်ရွယ်ပြီးတော့ ကွင်းဆင်းဆောင်ရွက်နေတာဖြစ်ပါတယ်။ အထူးသဖြင့် ဒေသတွင်းစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်တဲ့ တောင်သူတွေအနေနဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေဖွံ့ဖြိုးလာမှ နေထိုင်စားသောက်မှုဘဝပုံစံတွေ၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးစသည်ဖြင့် တိုးတက်လာမှာဖြစ်ပါတယ်။ ဈေးကွက်ဝင်တွက်ခြေကိုက်မယ့် အသီးအနှံတွေ၊ ဒေသနဲ့ကိုက်ညီမယ့် အသီးအနှံတွေ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်တာဖြစ်ပါတယ်ဟု ဂန့်ဂေါခရိုင် စိုက်ပျိုး ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောဆိုသည်။

ဂန့်ဂေါခရိုင်အတွင်း ဇူလိုင် ၂၂ ရက်မှ အစပြု၍ ဒေသတွင်းအမည်သစ်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ဂန့်ဂေါ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးလက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းသန့် ဦးဆောင်သည့် စိုက်ပျိုးရေးအဖွဲ့သည် ဇူလိုင် ၂၆ ရက်အထိ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဂန့်ဂေါမြို့နယ် စင်ပုံကျေးရွာ၊ မင်းရွာ၊ ချောင်းနက်စသည့် ကျေးရွာများတွင် လက်ရှိစတင် စိုက်ပျိုးနေသည့် အမည်သစ်သီးနှံ နဂါးမောက်ခြံသို့လည်းကောင်း၊ နိုင်ငံခြားအထိ စီးပွားရေး ဈေးကွက်ဝင်နေသည့် လျှော်ဖြူစိုက်ခင်းသို့လည်းကောင်း၊ သုံး၊ လေးနှစ်ကာလအတွင်း နိုင်ငံခြားဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်သည့် စိန်တလုံးသရက်ခြံအားလည်းကောင်း ကွင်းဆင်းကြည့်ရှုပြီး သီးနှံစိုက်တောင်သူများ၏ လိုအပ်ချက် နည်းပညာ၊ ဈေးကွက်စိုက်ပျိုးမှုစနစ်တို့ကို ဆွေးနွေးခဲ့သည်။ ဂန့်ဂေါမြို့နယ်စိုက်ပျိုးရေးဌာန၏ သတင်းထုတ်ပြန်ချက်များအရ ဂန့်ဂေါမြို့နယ်အတွင်း ယခု ဇူလိုင်လကုန်အထိ လျှော်ဖြူပင်စိုက်ဧက ၁၃၀ ကိုလည်းကောင်း၊ နဂါးမောက်သီးပင် (အပေါ်ပုံ)ဧက ၂၀ ကိုလည်းကောင်း၊ စပျစ်သီးနှံဧက သုည ဒသမ ၅၀ ကိုလည်းကောင်း စတင်စမ်းသပ်စိုက်ပျိုးထားပြီးဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/126191.html

## မကွေးတိုင်းအတွင်း တစ်နှစ်လျှင် ပျားရည် တန် ၂၅၀ ကျော်ထုတ်လုပ် ပြည်ပဈေးကွက်သို့ နှစ်စဉ် တန် ၂၀၀ ကျော်တင်ပို့ရောင်းချလျက်ရှိ



မကွေးတိုင်းဒေသကြီးအတွင်း တစ်နှစ်လျှင် ပျားရည်တန် ၂၅၀ ကျော် ထုတ်လုပ်နိုင်ပြီး ထွက်ရှိသည့်ပျားရည်များကို ပြည်ပဈေးကွက်သို့ တစ်နှစ်လျှင် တန် ၂၀၀ ကျော် တင်ပို့ရောင်းချနေရကြောင်း မကွေးတိုင်းဒေသကြီး ပျားမွေးမြူ ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးစိုးနိုင်ထံမှသိရသည်။ ပျားမွေးမြူရေးဦးစီးဌာနအနေဖြင့် ထုတ်လုပ်ထွက်ရှိသည့်ပျားရည်များကို အမေရိကန်၊ ဂျပန်၊ ကိုရီးယား၊ ကနေဒါနှင့် အာဆီယံနိုင်ငံ များသို့ တစ်နှစ်လျှင် တန် ၂၅၀၀ ကျော် တင်ပို့ရောင်းချလျက်ရှိသည်။ ပျားမွေးမြူရေးကို ဌာနအနေနဲ့ဆောင်ရွက်နေသလို မကွေးတိုင်းအတွင်းမှာ ပုဂ္ဂလိက ပျားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၇ ဦးရှိပြီး ပျားအုံပေါင်း ၁၁၄၅၀ ရှိပါတယ်။ တိုင်းတစ်တိုင်းလုံးအနေနဲ့ တစ်နှစ်ကို ပျားရည် တန်ချိန် ၂၅၀ ကျော်ထွက်ရှိပါတယ်။ ထွက်ရှိတဲ့ ပျားရည်တန်ချိန် ၂၀၀ ကျော် ပြည်ပဈေးကွက်ကို တင်ပို့ရောင်းချပြီး တန် ၅၀ ကျော်ကိုတော့ ပြည်တွင်းမှာပဲ ရောင်းချပေးပါတယ်ဟု တိုင်းဦးစီးမှူး ဦးစိုးနိုင်ကပြောဆိုသည်။

မြန်မာပြည်တွင် ပြည်ပဈေးကွက်ကို ပျားရည်တင်ပို့ရောင်းချသည့် ကုမ္ပဏီငါးခုရှိပြီး ကုမ္ပဏီများကလည်း ပျားမွေးမြူရေး လုပ်ငန်းလုပ်ကိုင်ကြကြောင်း၊ ယခင်က ပြည်ပဈေးကွက်တင်ပို့ရန် မလွယ်ကူခြင်းကြောင့် တရုတ်ပြည်ကိုသာ တင်ပို့ရောင်းချခဲ့ရကြောင်း၊ တရုတ်ပြည်မှ မြန်မာ့ပျားရည်ဆိုပြီး ဈေးကွက်တင်ရောင်းချကြောင်း၊ ယခုနောက်ပိုင်း ပြည်ပပို့ ကုမ္ပဏီများဖွင့်ပြီး ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ မှာယူသလောက် မတင်ပို့နိုင်သည်အထိ ပြည်ပဝယ်လိုအားကောင်း လျက်ရှိသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ သြဂဲနစ်ပျားရည်စစ်စစ်ဖြစ်ကာ နိုင်ငံတကာဈေးကွက်တွင်

ရောင်းပန်းလှနေပြီး အီးယူနိုင်ငံများက စိတ်ဝင်စားလာကာ မြန်မာ နိုင်ငံမှ ပျားရည်ကိုလိုချင်သည့်အတွက် ကောင်း မွန်သော ပျားမွေးမြူရေးကျင့်စဉ် သင်တန်း (GPP)၊ ကောင်းမွန်သောပျားရည်ထုတ်လုပ်မှု ကျင့်စဉ်သင်တန်း (GMP) တို့ကို အီးယူက ပညာရှင်များကိုယ်တိုင်လာရောက်ကာ ပျားမွေးမြူသူများအား သင်တန်းများပို့ချပေးလျက်ရှိသည်။ ထို့ပြင် ဥရောပဈေးကွက်က ၎င်းတို့၏ကျင့်စဉ်နှင့် ထုတ်လုပ်သည့်ပျားရည်ကို အခြားပျားရည်ဈေးထက် နှစ်ဆပိုပေးကြောင်း မကွေးတိုင်း ပျားမွေးမြူရေးဦးစီးဌာနမှသိရသည်။ ကျွန်တော်ကိုယ်ပိုင်ပျားအုံ ၈၀ ကျော် နဲ့ ပျားမွေးမြူရေးလုပ်ကိုင်နေပါတယ်။ အခုလို နှမ်းပင်တွေ အပွင့်ပွင့်တဲ့အချိန်ဆို အလုပ်သမားငါးယောက်လောက်ငှားပြီး နေ့စဉ်ပျားရည်ထုတ်ယူပါတယ်။ ဆီးသီးမပေါ်ခင် ဆီးပင်ပေါတဲ့ဒေသတွေကိုသွားပြီး ဆီးပျားရည်လည်းထုတ်ပါတယ်။ ထွက်ရှိတဲ့ပျားရည်ကို ကုမ္ပဏီကိုရောင်းချသလို တစ်ပုလင်း ကျပ် ၄၀၀၀ နဲ့လည်း လက်လီရောင်းချပေးနေပါတယ်ဟု နတ်မောက်မြို့နေ ပျားမွေးမြူရေးလုပ်ကိုင်သူ ကိုသန်းစိုးကပြောဆိုသည်။

**Source:** https://myanmar.mmtimes.com/news/126184.html

## ဆန်စပါးမျိုးစေ့ စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးသူများပါဝင်မည့် ဝက်ဘ်ဆိုက်ထူထောင်ရန် ဩဂုတ်လတွင် စတင်ရေးဆွဲမည်



ဆန်စပါးမျိုးစေ့နှင့်သက်ဆိုင်သည့် စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းဝယ်ခြင်းစသည့်လုပ်ငန်းများပါဝင်သော ဝက်ဘ်ဆိုက်တစ်ခု ထူထောင်သွားမည်ဖြစ်ပြီး ဩဂုတ်လတွင် စတင်ရေးဆွဲမည်ဖြစ်ကြောင်း ဇူလိုင် ၂၃ ရက်က မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယအမှုဆောင်အရာရှိချုပ် ဦးမြင့်လွင်က ပြောဆိုသည်။ ဆန်စပါးနဲ့ပတ်သက်တဲ့ မျိုးစေ့ဝက်ဘ်ဆိုက်သီးသန့်က မရှိသေးဘူး။ ဒီဝက်ဘ်ဆိုက်ထဲမှာ မျိုးစေ့ထုတ်လုပ်သူတွေလည်း ဘယ်သူ တွေ ထုတ်နေလဲ၊ ထုတ်တဲ့သူတွေကလည်း သူတို့ထုတ်တဲ့မျိုးစေ့ကို ဒီအထဲမှာကြေညာနိုင်မယ်။ ဝယ်ယူတဲ့သူတွေကလည်း ဝယ်လိုတဲ့မျိုးတွေကိုကြေညာနိုင်မယ်။ ဆန်စပါးမျိုးစေ့နဲ့ဆိုင်တဲ့ ကဏ္ဍတစ်ရပ်တည်းကိုပဲ သီးသီးသန့်သန့်လုပ်ချင်တယ်ဆိုပြီးတင်လိုက်တာ။ သူတို့ကလည်း သဘောတူပါတယ်ဟု ဦးမြင့် လွင်ကပြောဆိုသည်။

ယင်းဝက်ဘ်ဆိုက်ကို မြန်မာနိုင်ငံဆန် စပါးအသင်းချုပ် (MRF) နှင့် Welthunger– hilfe (WHH) အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး ဝက်ဘ်ဆိုက်စတင်ရေးဆွဲရန်အတွက် ပူးပေါင်းသဘောတူညီချက်လက်မှတ်ကို ဇူလိုင် ၂၉ ရက်တွင် ရေးထိုးမည်ဖြစ်ကြောင်း မြန်မာ နိုင်ငံဆန်စပါးအသင်းချုပ်မှသိရသည်။ ဇူလိုင် ၁၇ ရက်က MRF နှင့် WHH Rice Seed Sector Development Project – RSSD လုပ်ငန်းအစီအစဉ်အရ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကိုဆွေးနွေးခဲ့ကြကာ ယင်းဆွေးနွေးပွဲတွင် ဝက်ဘ်ဆိုက်ရေးဆွဲရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က တင်ပြခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဆန်စပါးမျိုးစေ့ဝက်ဘ်ဆိုက်တွင် ပြည်ပတင်ပို့ရာ၌ ဈေးကောင်းရရှိမည့်မျိုးစေ့လမ်းညွှန်များ၊ နိုင်ငံတကာက ကြိုက်နှစ်သက်သည့် မျိုးစေ့များ၊ မျိုးစေ့ဝယ်ယူရရှိနိုင်မည့် ဆိုင်လမ်းညွှန်များ၊ ရာသီအလိုက်စိုက်ပျိုးသင့် သည့် မျိုးစေ့များကို လမ်းညွှန်ဖော်ပြပေးထားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှသိရသည်။ ဆန်စပါးမျိုးစေ့နှင့်သက်ဆိုင်သည့် ဝက်ဘ်ဆိုက်သည် သီးသန့်မရှိသေးသောကြောင့် ယင်းဝက်ဘ်ဆိုက်သည် ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများ၊ ဖြန့်ဖြူးသူများ အတွက် အလွန်အဆင်ပြေမည့် ဝက်ဘ်ဆိုက်တစ်ခုဖြစ်လာမည်ဟု ဆန်စပါးလုပ်ငန်းရှင်များက ပြောဆိုသည်။

**Source:** https://myanmar.mmtimes.com/news/126168.html

## ၂၀၂၀ ပြည့်နှစ်တွင် မြန်မာ့ဆန်တန်ချိန် ၂ သန်းကျော် ပြည်ပတင်ပို့နိုင်ရန် ဆောင်ရွက်မည်

လာမယ့် ၂၀၂၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံနေ ဆန်တန်ချိန် ၂ သန်းကျော် ပြည်ပတင်ပို့နိုင်အောင် ဆောင်ရွက် သွားမယ်လို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူတွေက ပြောပါတယ်။ တရုတ်နိုင်ငံက ဆန်ဝယ်မှု လျော့နည်းသွားတာကြောင့် နိုင်ငံခြားကို ဆန်တင်ပို့မှုဟာ အရင်နှစ်ထက် တဝက်နီးပါးလောက် လျော့နည်းသွားပါတယ်။ ဒီအခြေအနေကို နိုင်ငံတော်အစိုးရနဲ့ ပူးပေါင်းပြီး ပုံမှန်တင်ပို့နိုင်တဲ့ အနေအထားဖြစ်အောင်ဆောင်ရွက်သွားမယ်လို့ ဇူလိုင် ၂၈ ရက်နေ့ကပြုလုပ်တဲ့ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း ၂၁ ကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည် အစည်းအဝေးမှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုညွှန်ကြားရေးမှူးချုပ် ဦးမြင့်ချိုကပြောဆိုခဲ့တာပါ။ လက်ရှိ အချိန် ၂၅ မတ်ဆန်တွေ တရုတ်နိုင်ငံကို အဓိကတင်ပို့နေရပြီး အခုလို တင်ပို့မှုလျော့နည်းသွားတာဟာ မြန်မာနိုင်ငံ

ဆန်စပါးအသင်းချုပ်အနေနဲ့တော့ အနည်းငယ် ထိခိုက်မှုတွေရှိတယ်လို့ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောပါတယ်။ ဒါပေမယ့် ကျန်တဲ့နိုင်ငံတွေကို ပင်လယ်ရေကြောင်းနဲ့တင်ပို့နေတဲ့ အနေအထားကတော့ မလျော့တဲ့အပြင် တိုးလာတယ်လို့ဆိုပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ဆန်စပါးပြည်ပတင်ပို့မှု အနေအထားမှာ ၂၀၁၈ ခုနှစ်က ၂.၄ သန်း တင်ပို့နိုင်ခဲ့ပြီး လက်ရှိ အချိန်မှာတော့ ၁.၈ သန်း တင်ပို့ထားပါတယ်။ ဒါကြောင့် ဒီနှစ်မှာ ဆန်ပြည်ပတင်ပို့မှု လျော့နည်းတာတွေကို လာမယ့် ၂၀၂၀ မှာ ဆန်တန်ချိန် ၂ သန်းကျော်ထိရအောင် ဆောင်ရွက်သွားမယ်လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် တာဝန်ရှိသူတွေက ပြောပါတယ်။

**Source:DVB TV News**

https://www.facebook.com/kope.aung

## ကရင်ပြည်နယ် သံတောင်ကြီးထွက် ချဉ်ပေါင်ဖာလာဈေးကွက်ရရှိရေး ကြိုးပမ်းမည်

ကရင်ပြည်နယ် သံတောင်ကြီးထွက် ချဉ်ပေါင်ဖာလာ ဈေးကွက်ရရှိရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း စီးပွား ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသတင်းရရှိသည်။ ကရင်ပြည်နယ် သံတောင်ကြီးက ချဉ်ပေါင်ဖာလာ အစိုက် များတယ်။ ကျယ်ကျယ်ပြန့်ပြန့် စိုက်တာများတော့ ဈေးကောင်းရရှိဖို့လည်းလိုတယ်။ ပြည်ပကို ပိုမိုတင်ပို့နိုင်အောင် စီးပွားရေးသံမှူးတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးမှာဖြစ်တယ်ဟုပြောသည်။ လက်ရှိ တရုတ်ဈေးကွက်အပြင် အခြားသော ဈေးကွက်ရှိနိုင်ငံများသို့ ချိတ်ဆက်နိုင်ရေး ကြိုးပမ်းသွားမည်ဖြစ်ပြီး၊ ဖာလာကို အခြောက်ခံစက်ဖြင့် အခြောက်ခံ တင်ပို့ခြင်းကို နိုင်ငံအများစုက ကြိုက်နှစ်သက်ကြကြောင်းသိရသည်။

လက်ရှိ မြန်မာ့ချဉ်ပေါင်ဖာလာကို တရုတ်၊ အိန္ဒိယ ကိုရီးယားနိုင်ငံ စသည့်ဈေးကွက် လိုအပ်ချက်များအရ တင်ပို့နေ သော်လည်း အရည်အသွေးပိုင်းအားနည်းလာမှုကြောင့် အခြားသောနိုင်ငံများဖြင့်ယှဉ်ပြိုင်ရန်ခက်ခဲကြောင်း ချဉ်ပေါင် ဖာလာကုန်သည်များကပြောသည်။ လက်ရှိ ဖာလာပွဲရုံကောက်ဈေးနှုန်းမှ ဖာလာလုံးခြောက် တပိဿာလျှင် ၁၂၀၀၀ ကျပ်မှ ၁၅၀၀၀ ခန့်ဈေးဖြင့်ရှိကြောင်း ကယန်းဒေသနှင့် ကရင်ပြည်နယ် သံတောင်ကြီးဒေသတွင် အစိုက်များသည်။

မြန်မာနိုင်ငံတွင် ကရင်ပြည်နယ် သံတောင်ကြီး၊ ပဲခူးတိုင်း၊ ရှမ်းပြည်တောင်ပိုင်း၊ မွန်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် တောင်တန်းဒေသများတွင် စိုက်ပျိုးကြသည်။ ချဉ်ပေါင်ဖာလာ ပြည်ပသို့ ဘဏ္ဍာနှစ်အလိုက်တင်ပို့မှုများတွင် ၂၀၁၄-၁၅ ဘဏ္ဍာနှစ်တွင် တန်ချိန် ၃၄၀၀ ကျော်၊ ကန်ဒေါ်လာ ၁၄ သန်းကျော် ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၆၀၀ ကျော် ကန်ဒေါ်လာ ၉ သန်းကျော်၊ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၆၀၀ ကျော် ကန်ဒေါ်လာ ၉ သန်းကျော်၊ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၂၀၀ ကျော် ကန်ဒေါ်လာ ၆ သန်းကျော်ရရှိခဲ့သည်။

**Source:** https://www.facebook.com/amiamyanmar/posts/2351950188223797?__tn__=K-R

## တရုတ်က တရားမဝင်လာစိုက်တဲ့ဖရဲ မြန်မာတွဈေးကွက်မယှဉ်နိုင်

မြန်မာနိုင်ငံတွင်း ဝင်ရောက်နေထိုင်လာပြီး တရားမဝင် ဖရဲစိုက်ပျိုးနေတဲ့ တရုတ်နိုင်ငံသားတွေနဲ့ ဈေးကွက်ချင်း မယှဉ်နိုင်ဖြစ်နေတာကြောင့် ပြန်လည်စိစစ်သင့်တယ်လို့ ရှမ်းပြည်နယ်မြောက် ပိုင်း တောင်သူတွေက ဆိုပါတယ်။ ဒေသခံတောင်သူတွေ စိုက်အင်အားက တအားနည်းနေတယ်၊ ကျွန်တော်တို့ဖရဲသီးဝယ်ဖို့လိုက်ကြည့်တဲ့ ဒေသ တော်တော်များများမှာ တရုတ်နဲ့ပတ်သက်ပြီး လာရောက်စိုက်ပျိုးတဲ့အုပ်စုတွေ များ တယ်၊ သူတို့စိုက်တဲ့ကေပေါ်မှာ ကျွန်တော်တို့တောင်သူတွေက ရာခိုင်နှုန်းတစ်ဝက်လောက် စိုက်နိုင်ရင်ကို အကျိုးအမြတ်အများ ကြီး ရှိနိုင်တယ်၊ လက်ရှိက ကျွန်တော်တို့ ဒေသခံတောင်သူတွေ စိုက်နိုင်တာက ကေ ၅၀၀ ဆိုရင် သူတို့စိုက်တာက ၁၀၀၀ ကျော်မယ်၊ ဒါဆိုရင် ဈေးကွက်မှာသွားပြီး အများကြီးထိခိုက်မယ်လို့ ဖရဲစိုက်တောင်သူ ကိုကျော်လင်း က ပြောပါတယ်။

တရုတ်နိုင်ငံသားတွေဟာ မြန်မာနိုင်ငံတွင်းမှာ ဖရဲသီးလာရောက်စိုက်ပျိုးလာခဲ့တာဟာ နှစ်ပေါင်း ၂၀ နီးပါး ရှိနေပြီး လွန်ခဲ့တဲ့ ငါးနှစ်ကျော်လောက်ကစပြီး ရှမ်း ပြည်နယ်ဘက်တွေမှာ လာရောက်စိုက်ပျိုးလုပ်ကိုင်နေကြတာဖြစ် တယ်လို့ ရှမ်းပြည်နယ်တောင်သူတွေဆီကသိရပါတယ်။ သီပေါမြို့နယ်အတွင်း ဖရဲသီးစိုက်ပျိုး တဲ့ တရုတ်နိုင်ငံ သား ရာဂဏန်းကျော်ရှိပြီး တစ်ဝက်လောက်က မြန်မာနိုင်ငံသားစိစစ် ရေးကတ်ပြားတွေကို ကိုင်ဆောင် ထားပြီး ၄င်းတို့စိုက်ပျိုးနေတဲ့ ဖရဲကေပေါင်း ၅၀၀၀ ခန့်ရှိကာ မိုးဖရဲရာသီနဲ့ ဆောင်းဖရဲရာသီအတွင်း မှာ တစ်ဦးကို ၁၀

ကောက နေ ကော ၂၀၀ ခန့်အထိ မြေငှားရမ်းစိုက်ပျိုးနေတယ်လို့ သိရပါတယ်။ သီပေါမြို့နယ် အတွင်းမှာ မြေတစ်ကေကို ကျပ် နှစ်သိန်းနဲ့ တရုတ်နိုင်ငံသားတွေ ကိုယ်တိုင်လာ ရောက်နေထိုင်စိုက်ပျိုးနေကြပြီး ထွက်ရှိလာတဲ့ဖရဲသီးတွေကို မူဆယ် ၁၀၅ မိုင်ကတစ်ဆင့် တင်ပို့ရောင်းချနေတာဖြစ်တယ်လို့ သီ ပေါမြို့နယ်မှာ ဖရဲသီးစိုက်ပျိုးတဲ့ တရုတ်နိုင်ငံသားတစ်ဦးဆီက သိရပါတယ်။

တရုတ်နိုင်ငံသားတွေကို မြန်မာနိုင်ငံသားလိုမျိုး ဖွဲ့စည်းထားတဲ့ဥပဒေအရ တန်းတူညီမျှစွာ အခွင့်အရေး ပေးလို့မရသလို အခု ရှမ်းပြည်နယ်မှာ ဖြစ်နေတာက ဒေသန္တရအုပ်ချုပ်ရေးပိုင်းမှာ ရန်ပုံငွေတွေ ထည့်တာ တွေ၊တောင်သူ တွေဆီက မြေငှားတာတွေပြုလုပ်ပြီး ဖရဲတွေကို လာစိုက်တာတွေလုပ်ကြတယ်လို့ ဖရဲသီးစိုက်ပျိုး တင်ပို့ရောင်းချတဲ့ ဦးစိုင်းကျော်ညွန့်ဆီကသိရပါတယ်။ ကိုယ့်နိုင်ငံလာစိုက်နေတယ်၊ ဒီလိုလာစိုက်ခြင်းအားဖြင့် level အတူတူ၊ ဖရဲစိုက်တာချင်းအတူတူ ကျွန်တော်တို့နိုင်ငံသားက သူတို့နိုင်ငံသားနဲ့ယှဉ်ဖို့ ဘယ်လိုမှအဆင် မပြေနိုင် ဘူးလို့ ဦးစိုင်းကျော်ညွန့်ကပြောပါတယ်။ ဘာလို့လဲဆိုတော့ သူတို့သွင်းအားစုနဲ့၊သူတို့နည်းပညာနဲ့၊သူတို့ မြေဆီ၊ သူတို့ပိုးသတ်ဆေးနဲ့ လာရောက်စိုက်ပျိုးကြတာဖြစ်ပြီး တရားမဝင်သွင်းအားစုတွေ များစွာပါဝင် နေပြီး တရုတ်နိုင်ငံကို သွားရောက်ရောင်းချတဲ့အတွက် အစစအရာရာ ပြည်တွင်းက တောင်သူ တွေထက် အားသာချက် တစ်ခုလိုဖြစ်နေတယ်လို့ ဆိုပါတယ်။ ဆိုးကျိုးအနေနဲ့ကတော့ ပြည် တွင်းတောင်သူတွေ အနေနဲ့ တစ်ရက်ကို တန် ၁၀၀ လောက်ထုတ်မယ်ဆိုရင် တရုတ်က လာရောက် စိုက်ပျိုးသူတွေက တစ်နေ့ကို တန် ၁၀၀၀ လောက်အထိ ထုတ် လုပ်နေတာဖြစ်တယ်လို့ သိရပါတယ်။ ထုတ်လုပ်မှုများ နေတဲ့အတွက် ပြည်တွင်းက တောင်သူတွေဟာ ဖရဲကို တရုတ်ကိုသာ အားပြုတင်သွင်းရတဲ့အခါမှာ တရုတ်က လာရောက်စိုက် ပျိုး ထုတ်လုပ် နေတာက ပိုမိုများပြားနေတဲ့အတွက် ရောင်းလိုအား ဝယ်လိုအားမမျှတဲ့ပြဿနာတွေ ဖြစ်လာတယ်လို့သိရပါတယ်။ သဘာဝပတ်ဝန်းကျင်အပိုင်းမှာဆိုရင်လဲ တရားမဝင်မြေဆီတွေ၊ သွင်းအားစုတွေသုံးတဲ့အတွက် ကျွန်တော်တို့ဒေသတွေ ညစ်ညမ်းမှုတွေ၊ ပျက်စီးမှုတွေ နောက်ဆက်တွဲပြဿနာတွေလဲ ဖြစ်လာမယ်လို့ ဦးစိုင်းကျော်ညွန့်ကပြောပါတယ်။

**Source:** https://www.kumudranews.com/news-34526

## ဆန်ကွဲအား တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့နိုင်ရေး ကြိုးပမ်းပြင်ဆင်နေဟုဆို

တရုတ်နိုင်ငံသို့ ဆန်အား တရားဝင်တင်ပို့နိုင်ရေး ခက်ခဲနေသော်လည်း ဆန်ကွဲအား အစိုးရအချင်းချင်းစနစ်ဖြင့် တရားဝင် တင်ပို့နိုင်ရေးအတွက် ကြိုးပမ်းပြင်ဆင်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ ဇူလိုင် ၂၈ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ကုန် သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တွင်ကျင်းပသည့် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း (၂၁)ကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည် အထွေထွေအစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ အစည်းအဝေးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခြင်းဖြစ်သည်။ လက်ရှိတွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာ့ဆန်အား တရားဝင် တင်ပို့ခွင့်ပေးထားခြင်းမရှိသေးဘဲ ကုန်စည်ဖလှယ်သည့်စနစ်ဖြင့်သာ တင်ပို့လျက်ရှိကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။ တရုတ်နိုင်ငံကို ဆန်ကွဲတရားဝင်တင်ပို့ဖို့အတွက်က MoU ထိုးနိုင်ဖို့ ကြိုးစားနေတယ်။ ဆန်ကွဲပို့မယ်ဆိုရင် တရုတ်နိုင်ငံရဲ့ ခွင့်ပြုမိန့်မရှိသေးဘူးဖြစ်နေတယ်။ အဲဒီအတွက်ကို အခွန်ဆောင်လည်း လက်ခံလို့မရတဲ့အပိုင်း ဖြစ်နေတယ်။ ဒီနေရာမှာလည်း ဆန်ကွဲနဲ့ပတ်သက်လို့ ကြိုးစားရတဲ့အကြောင်းက ဆန်ကိုပို့မယ်ဆိုရင် တရုတ်နိုင်ငံရဲ့ အခွန်အရပ်ရပ်က ၆၀ ရာခိုင်နှုန်း လောက်ကောက်ပါတယ်။ ဆန်ကွဲကိုကျတော့ ၅ ရာခိုင်နှုန်းပဲ ကောက်တယ်။ နယ်စပ်လမ်းကြောင်းကနေ ကူမင်းအထိ သွားရင် အများကြီးကျတယ်။ ဆန်ကွဲကို တရားဝင်ခွင့်ပြုချက်ရရင် လွတ်လွတ်လပ်လပ်ပို့လို့ရတယ်။ ဒါကိုလည်း ကြိုးစားနေပါတယ်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ချိုကပြော သည်။ တရုတ်နိုင်ငံက မြန်မာနိုင်ငံကို အဓိကတင်သွင်းနေတာက ဒီဓာတ်မြေဩဇာတွေရှိတယ်။ သံနဲ့သံမဏိရှိတယ်။ စိုက်ပျိုးရေးထွက်ကုန်တွေရှိတယ်။ အဲဒီနေရာမှာ တရုတ်ဘက်ကကျတော့ နယ်စပ်ကုန်သွယ်ရေးမှာ ကျွန်တော်တို့ ပြောသလိုပဲ ဆန်ကို တရားဝင်ပေးမထားသေးဘူး။ ဒါလည်းဆန်စပါးအသင်းချုပ်ရဲ့ကြိုးပမ်းမှုတစ်ရပ်ပါပဲဟု ၎င်းက ဆက်လက် ပြောကြားသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/posts/2022967267943771

# STOCK EXCHANGE (29.7.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 29th Jul. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 11,000 | 11,000 | 11,000 | 2,050 | 22,550,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,350 | +0 | +0.00% | 3,350 | 3,350 | 3,350 | 16,340 | 54,739,000 | 38,929,150 | 130,413 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 20 | 164,000 | 10,400,986 | 85,288 |
| FPB | 00004 | 24,500 | +500 | +2.08% | 24,000 | 24,500 | 24,000 | 11 | 264,500 | 2,472,053 | 60,565 |
| TMH | 00005 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,050 | 0 | 0 | 12,212,906 | 37,249 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 448.09 | +0.90 | +0.20% | 447.19 | 448.09 | 447.19 | 18,421 | 77,717,500 | 5 | 611,755 |

### Index chart




## Market Overview

As of 1:00 pm, 29th Jul. 2019

| MYANPIX | 448.09 ▲ 0.90 |
|---|---|
| Total Volume (shares) | 18,421 |
| Total Value (MMK) | 78 mil |
| Listed Company | 5 |
| Market Cap. (MMK) | 611,755 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 0 |
| MTSH | 00002 | 3,350 | ▲ 0 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 24,500 | ▲ 500 |
| TMH | 00005 | 3,050 | ▲ 0 |